# ဓမ္မခန္ဓာ (၈၉) အာရုံတက် (အလ်–ဖဇ္ဂျ်ရိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀)၊ သုတ်ဒေသနာ အပါး (၃၀)၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالْفَجْرِ** ۝<br>အာရုံတက်အားဖြင့်–[၁၁၅၃] |
| ၂။ | **وَلَيَالٍ عَشْرٍ** ۝<br>တင်းပြည့်ကျပ်ပြည့် ညများ အားဖြင့်–[၁၁၅၄] |
| ၃။ | **وَالشَّفْعِ وَالْوَتْرِ** ۝<br>စုံဂဏန်း မဂဏန်းအားဖြင့်–[၁၁၅၅] |
| ၄။ | **وَاللَّيْلِ إِذَا يَسْرِ** ۝<br>ည ထွက်ခွာသွားသော အားဖြင့်– |
| ၅။ | **هَلْ فِي ذَلِكَ قَسَمٌ لِّذِي حِجْرٍ** ۝<br>ကေန်အမှန်–ယင်း၌ နက်နက်နဲနဲဆင်ခြင်သူတို့၏ ကျိန်ဆိုတိုင်တည်ရာ ရှိ၏။ |
| ၆။ | **أَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِعَادٍ** ۝<br>သင် မသုံးသပ်မိသလော၊ သင့် ကံကြမ္မာရှင်သည် မည်သို့ ပြုလုပ်လိုက်သော အာဒ်တို့မှာ– |

---

**(၁၁၅၃)** အစ္စလာမ်သာသနာ ရောင်ဝါထွန်းတောက်လာလေပြီ—၊ ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်လာလေပြီ။ ဟု ဆိုလိုသည်။

**(၁၁၅၄)** ဤသုတ်တော်မှ **لَيَالٍ عَشْرٍ လယားလင် အာ့ရှ်ရိ**–ကို ည ဆယ်ည ဟု ပြန်ဆိုကြ၍– ထိုညပေါင်း ဆယ်ည ဆိုသည်မှာ **သူလ်ဟာ့ဂျ်လ**၏ ပထမ ဆယ်ရက် ဖြစ်သည်ဟု လည်းကောင်း၊ သို့မဟုတ် **ရမ်သွန်လ**၏ နောက်ဆုံး ဆယ်ည ဖြစ်သည်ဟု လည်းကောင်း ဖွင့်ဆိုကြပေသည်။ ဤနေရာ၌ သတိပြုရန်မှာ အရေအတွက် တစ်ဆယ်ဟု အဓိပ္ပါယ်ကို ပေးသော အာရ်ဗီစကားလုံး **အာ့ရှ်ရိ عَشْرٍ** ဆိုသည့် စကားလုံးသည် "အပြည့်အဝ ဖြစ်ရန် စုပေါင်းသည်၊ ပြည့်ကျပ်စွာ ရောက်ရှိလာသော ပရိသတ်– စသည်ဖြင့်လည်း တင်းပြည့်ကျပ်ပြည့် ဖြစ်ခြင်း အဓိပ္ပါယ်ကို ပေးပေသည်၊ ထိုအဓိပ္ပါယ်ကို ဖ်း၁၂၈ တွင် "အို ပြည့်ကျပ်နေသော ဂျင်တို့၊ (ဂျင် ပရိတ်သတ်တို့)"ဟူသော စကားလုံး၌ ထင်ရှားစွာ တွေ့နိုင်ပေသည်။ ထို့ကြောင့် ဤဘာသာပြန်တွင် "တင်းပြည့်ကျပ်ပြည့် ညများ၊"ဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ "လုံး၀ အမိုက်မှောင်ကျသော ခေတ်ကာလကို တည်တိုင်၍" ဟု ဖြစ်ပေသည်။ ထိုသို့သော လုံး၀ အမိုက်မှောင်ကျနေသည့် ခေတ်ကာလများ အတွင်းတွင် ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်လာခြင်း ဖြစ်၍– ထို ည အမိုက်များ ထွက်ခွာပျောက်ကွယ်သွားရခြင်း–ကို တိုင်တည်ထားခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သုတ်တော် (၄) ပါ "ည– ထွက်ခွာသွားခြင်း အားဖြင့်၊" ဟူ သော ဝါကျက ထောက်ပြလျှက် ရှိပေသည်။

**(၁၁၅၅)** ဤဝါကျမှ "စုံဂဏန်း မဂဏန်း၊" များဆိုသည်မှာ– ထိုအမိုက်ခေတ်များကို အမှတ်စဉ်မှတ် ရေတွက်သောအခါ– ကြာကျန် မနေခဲ့စေရန် ရေတွက်၍– အမိုက်ခေတ်တိုင်း အားလုံး မချွင်းမချန် ဟု ဆိုလိုသည်။ ထို့ပြင် ထိုအမိုက်ခေတ်များတွင် ဘာသာရေး ခေါင်းဆောင် ဆိုသူများသည် အင်းအိုင်၊ လက်ဖွဲ့များကို အင်းကွက်ချလျှက်– လူသားတို့အား မန်းမှုတ်သော အခါ– ဆမ ချသော အင်းကွက်များကိုလည်း စုံဂဏန်းများ၊ မဂဏန်းများဖြင့် တွက်ချက်– အင်းကွက်ချသော ပညာရပ်များ ထွန်းကား ကြီးစိုးနေခဲ့ပေသည်။ ထိုသို့သော လူသား အညွန့်တုံး ပညာရပ်များ ပျောက်ကွယ်သွားရမည်ဟု နိမိတ်ပေးထားခြင်းလည်း ဖြစ်ပေသည်။

| | |
|---|---|
| ၇။ | إِرَمَ ذَاتِ الْعِمَادِ ۞<br>တိုက်တာမြင့်သော အေရာမ်မှ[၁၁၅၆] ဖြစ်၏။ |
| ၈။ | الَّتِي لَمْ يُخْلَقْ مِثْلُهَا فِي الْبِلَادِ ۞<br>ဒေသတစ်လျှောက်၌ ယင်းသို့ အလားတူ– ဖြစ်တည်ပေးခဲ့ခြင်း မရှိချေ။ |
| ၉။ | وَثَمُودَ الَّذِينَ جَابُوا الصَّخْرَ بِالْوَادِ ۞<br>တောင်ကြား ကျောက်တုံးများကို ထွင်းဖေါက်နေသော သမု–ဒ်တို့လည်း–ပါ၏။ |
| ၁၀။ | وَفِرْعَوْنَ ذِي الْأَوْتَادِ ۞<br>စစ်ဘုရင် ဖာရိုးလည်း ပါသွား၏။ |
| ၁၁။ | الَّذِينَ طَغَوْا فِي الْبِلَادِ ۞<br>သူတို့သည် ဒေသတစ်လျှောက် စည်းပျက်သူများ ဖြစ်ကြ၏။ |
| ၁၂။ | فَأَكْثَرُوا فِيهَا الْفَسَادَ ۞<br>သူတို့သည် မြောက်များစွာ အဖျက်အနှောက်ပြုကြ၏။ |
| ၁၃။ | فَصَبَّ عَلَيْهِمْ رَبُّكَ سَوْطَ عَذَابٍ ۞<br>သို့ဖြင့် ကံကြမ္မာရှင်က သူတို့အပေါ်သို့ ဝဋ်ကြွေး ခွဲတမ်းများ စီးကျစေခဲ့ပြီ။ |
| ၁၄။ | إِنَّ رَبَّكَ لَبِالْمِرْصَادِ ۞<br>ကေန်ပင် ကံကြမ္မာရှင်သည် အမြဲစောင့်ကြည့်နေတော်မူ၏။ |
| ၁၅။ | فَأَمَّا الْإِنسَانُ إِذَا مَا ابْتَلَاهُ رَبُّهُ فَأَكْرَمَهُ وَنَعَّمَهُ فَيَقُولُ رَبِّي أَكْرَمَنِ ۞<br>လူသားမူကား၊ ကံကြမ္မာရှင်က သူ့အား ကျက်သရေပေးခြင်း၊ ဂုဏ်ပေးခြင်းဖြင့် စမ်းသပ်သော် "ကံကြမ္မာရှင်က ကျွန်ုပ်အား ကျက်သရေမင်္ဂလာပေး၏၊"ဟု ပြောဆိုလတ္တံ့။ |
| ၁၆။ | وَأَمَّا إِذَا مَا ابْتَلَاهُ فَقَدَرَ عَلَيْهِ رِزْقَهُ فَيَقُولُ رَبِّي أَهَانَنِ ۞<br>သို့သော် သူ့အပေါ်၌ ရိက္ခာ စည်းကြပ်ခြင်းဖြင့် စမ်းသပ်သော် "ကံကြမ္မာရှင်က ကျွန်ုပ်အား စက်ဆုပ်နေ၏၊"ဟု ဆို၏။ |
| ၁၇။ | كَلَّا بَل لَّا تُكْرِمُونَ الْيَتِيمَ ۞<br>အမှန်မှာ သင်တို့သည် မိဘမဲ့တို့အား ကျက်သရေရှိရန် လုပ်မပေးချေ။ |
| ၁၈။ | وَلَا تَحَاضُّونَ عَلَى طَعَامِ الْمِسْكِينِ ۞<br>သင်တို့သည် သူဆင်းရဲတို့အား ကျွေးမွေးရန် တိုက်တွန်းနှိုးဆော်ခြင်း မရှိချေ။ |
| ၁၉။ | وَتَأْكُلُونَ التُّرَاثَ أَكْلًا لَّمًّا ۞<br>သင်တို့သည် အမွေအနှစ်များကို အစားသုံးကြီး စားသုံးနေကြ၏။ |

**(၁၁၅၆)** အေရာမ် ဆိုသည်မှာ အာ့ဒ်လူမျိုး၏ ဘိုးဘ အမည်အား စွဲမှတ်၍– ခေါ်သော လူမျိုးနွယ် တစ်စု၏ အမည်နာမ ဖြစ်သည်။ သူတို့သည် ထိုဒေသတွင် အခြားလူမျိုးများထက် တိုက်တာ အမြင့်ကြီးများ ဆောက်လုပ်၍ နေခဲ့ကြောင်းကို ဤသုတ်တော်များမှ ဖေါ်ပြထားပေသည်။

| | |
|---|---|
| ၂၀။ | **وَتُحِبُّونَ الْمَالَ حُبًّا جَمًّا۝**<br>သင်တို့သည် ဥစ္စာပစ္စည်းကို အငမ်းမရ မြတ်နိုးခြင်းဖြင့် မြတ်နိုးနေကြ၏။ |
| ၂၁။ | **كَلَّا إِذَا دُكَّتِ الْأَرْضُ دَكًّا دَكًّا۝**<br>အမှန်မှာ– မြေကမ္ဘာအား စိစိ ညက်ညက်ကျေအောင် ကြိတ်ပစ်သောအခါ– |
| ၂၂။ | **وَجَاء رَبُّكَ وَالْمَلَكُ صَفًّا صَفًّا۝**<br>ကံကြမ္မာရှင်၊ အဆင့် အဆင့် အာဏာပိုင်တို့သည် ရောက်လာလတ္တံ့။[၁၁၅၇] |
| ၂၃။ | **وَجِيءَ يَوْمَئِذٍ بِجَهَنَّمَ يَوْمَئِذٍ يَتَذَكَّرُ الْإِنسَانُ وَأَنَّى لَهُ الذِّكْرَى۝**<br>ထိုနေ့ကာလ၌၊ ငရဲဘုံကို မြင်ရစေ၍၊ ထိုနေ့ကာလ၌ လူသားသည် သတိရလေလတ္တံ့၊ ထိုသတိရခြင်းသည် သူ့အတွက် အဘယ်အရာ ဖြစ်အံ့တော့နည်း။ |
| ၂၄။ | **يَقُولُ يَا لَيْتَنِي قَدَّمْتُ لِحَيَاتِي۝**<br>သူက "ကျွန်ုပ်များနှယ်– ရှင်သန်ခြင်းဘဝအတွက် ကြိုတင်ပြင်ခဲ့လျှင် ကောင်းလေစွ၊"ဟု ဆိုလိမ့်မည်။ |
| ၂၅။ | **فَيَوْمَئِذٍ لَّا يُعَذِّبُ عَذَابَهُ أَحَدٌ۝**<br>ထိုနေ့ကာလ၌ တစ်စုံတစ်ယောက်မျှ ဝဋ်ကြွေးမသင့်စေနိုင်ခြင်းဖြင့် ဝဋ်ကြွေးသင့်စေတော်မူလိမ့်မည်။ |
| ၂၆။ | **وَلَا يُوثِقُ وَثَاقَهُ أَحَدٌ۝**<br>တစ်စုံတစ်ယောက်မျှ မဖမ်းချုပ်နိုင်ခြင်းဖြင့် ဖမ်းချုပ်တော်မူလိမ့်မည်။ |
| ၂၇။ | **يَا أَيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ۝**<br>အို ဘဝင်ငြိမ်းချမ်းနေသော စိတ်ဉာဉ်– |
| ၂၈။ | **ارْجِعِي إِلَى رَبِّكِ رَاضِيَةً مَّرْضِيَّةً۝**<br>သင့်ကံကြမ္မာရှင်၏ထံသို့ ဦးလှည့်လော့၊ သင့်အား ကျေနပ်နှစ်သက်၍၊ သင်လည်း ကျေနပ်နှစ်သက်ခြင်း ရှိ၍– |
| ၂၉။ | **فَادْخُلِي فِي عِبَادِي۝**<br>ငါ့ အမှုတော်ဆောင်များထံသို့ ဝင်လော့။ |
| ၃၀။ | **وَادْخُلِي جَنَّتِي۝**<br>ငါ့ ဥယျာဉ်တော်သို့ ဝင်လေလော့။[၁၁၅၈] |

---

(၁၁၅၇) ဤသုတ်တော်အား ဆရာတော်ကြီးများက ကံကြမ္မာရှင်သည် ကောင်းကင်တမန်များ ခြံရံလျက် ရောက်ရှိလာလတ္တံ့–ဟု ပြန်ဆိုကြပေသည်။ လွန်စွာ လွဲမှားမှုပင် ဖြစ်တော့၏၊ ထိုအယူသည် သမ္မာကျမ်းစာ– ဓမ္မဟောင်း၊ ဟေရှာယ အနာဂတ္တိကျမ်း ၁၉း၁ မှ အဲဂုတ္တ(အီဂျစ်ပြည်)နှင့် ဆိုင်သော ဗျာဒိတ်တော်ကား၊ ကြည့်ရှုကြလော့၊ ထာဝရဘုရားသည် လျှင်မြန်သော မိုးတိမ်ကိုစီး၍ အဲဂုတ္တပြည်သို့ ကြတော်မူ၏၊ ဟူသော အယူကဲ့သို့ –ကိုယ်ခန္ဓာနှင့် တည်ဆောက်ထားသော ဘုရားဟု ထင်သာမြင်သာ ဖြစ်စေရန် ယူဆခြင်း ဖြစ်ပေသည်။ ကုရ်အာန် ကျမ်းတော်၏ တစ်လျှောက်လုံးတွင် ပြောသော ကံကြမ္မာရှင် ဆိုသည်မှာ ထိုသို့ မဟုတ်ချေ။ ကျမ်းတော်တွင်– ကံကြမ္မာရှင် ဟု ပြောတိုင်း– သက်ဆိုင်ရာ နာမ်စားသူ၏၊ သူမ ၏၊ သင် ၏၊ သင်မ၏၊ ကျွန်ုပ်၏၊ ကျွန်ုပ်တို့၏၊ သူတို့၏၊ သူမတို့၏၊ သင်တို့၏၊ သင်မတို့၏၊ လောက၏၊ ကမ္ဘာ၏၊ မိုးကောင်းကင်၏၊ စသည့် ပိုင်ဆိုင်မှုများ တွဲလျက် ရှိပေသည်။ ဆိုလိုသည်မှာ သက်ရှိဝတ္ထု၊ သက်မဲ့ဝတ္ထု အားလုံး– တစ်ခုချင်းစီ– တစ်ဦးချင်းစီ၏ ပြုလုပ်ကျင့်ဆောင်မှု အကျိုးဆက်အား ပြဌာန်း နေသော၊ ပြဌာန်းထားသော– ကံကြမ္မာ၏ ဇစ်မြစ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် ဥစ္စာပစ္စည်းကို အငမ်းမရ ဖြစ်သော သူ၏ ကံကြမ္မာ အကျိုးဆက်အား စီရင်ချက်နှင့် ထိုစီရင်ချက်အား ကွပ်ကဲရန် တတ်သိပညာရှင်များ (ဥပဒေစီရင်ချက် ချမှတ်ခွင့် ရှိသူများ) (၇၉း၅) ရောက် ရှိလာမည်ဟု ဆိုလိုခြင်းသာ ဖြစ်၏။

---

**(၁၁၅၈)** ဤသုတ်တော်များသည် စိတ်ဘဝင်၏ သန္တိသုခရသအား ခံစားခွင့်ရသော အခိုက်အား ဖေါ်ပြခြင်း ဖြစ်သည်။ ထိုအဆင့်အား **နာ့ဖ် ဆိ မုတ္တမာအိနာဟ် النَّفْسُ الْمُطْمَئِنَّةُ** ဟု ခေါ်ဆိုကြောင်း ထိုအခိုက် (အတန့် ကာလ) သည် သေပြီးသည့်ကာလမှ ခံစားခွင့်ရခြင်း မဟုတ်ပေ။ ဤလောကီ သက်တမ်း၌ပင် ခံစား ခွင့်ရနိုင်သော အခွင့်ဖြစ်၍–စိတ်ကူးယဉ် နိယာမလည်း မဟုတ်ပေ။ စိတ်ဘဝင်ငြိမ်းလျှက် စိတ်ချုပ်ငြိမ်းမှုဆိုက်မြိုက်ခြင်း ဖြစ်သည်။

ထိုဆိုက်မြိုက်မှု အာရုံအား ဆိုက်မြိုက်မှုရရန် အတွက် မည်သည့် ဥာဏ်သမာဓိမှ မရှိခဲ့သော မိရိုးဖလာ အစွဲ အမှောင်ထဲမှ လမ်းစဉ်များသို့ ကောက်ကောက်ပါအောင် လိုက်နေခြင်း၊ သို့မဟုတ် မိမိ၏ မိရိုးဖလာအစွဲအား နည်းမျိုးစုံဖြင့် မွမ်းမံ ကာကွယ်နေခြင်းများဖြင့် သန္တိသုခ အာရုံစျာန် ဆိုက်မြိုက်မည် မဟုတ်ဟု ကျမ်းတော်က သွန်သင်သည်။ “တင်းပြည့်ကျပ်ပြည့် အမှောင်ကျ အဝိဇ္ဇာစီးနေမှုများအား ပါယ်သတ်လျှက် (ပရမတ် ဘုရားရှင်) အလ္လာဟ် က ပြဋ္ဌာန်းထားသော လောကနိယာမများအား ကျမ်းမြတ်ကုရ်အာန် သီအိုရီများဖြင့် ဖတ်နိုင်စေရန် ကြိုးစားလျှက် မိမိ ဘဝ အား အာရုံတက် အလင်းထွက်စေရန် ပြုစုပေးခြင်းဖြင့် သန္တိသုခရသသို့ ခံစားရမည် ဖြစ်ကြောင်း အာမခံထားပေသည်။ ထိုရသအား ဆလာမတ် ဖြစ်သော ရသ ဟု မွတ်ဆလင် ဆရာတော်ကြီးများက ခေါ်ဆိုပေသည်။